# KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဒေသများရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပပျောက်ရေးနေ့

*၂၀၁၇ခုနှစ်၊ ဇွန်လ၊ ၁၉ရက်နေ့*

ယနေ့၊ ၂၀၁၇ခုနှစ်၊ ဇွန်လ၊ ၁၉ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဒေသများရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပပျောက်ရေးနေ့ဖြစ်ပါသည်။ ဤနေ့ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၂၀၀၈ခုနှစ်၊ ဇွန်လ၊ ၁၉ရက်တွင် - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်၏ဗျူဟာတစ်ခုအနေနှင့်သော်လည်းကောင်း ငြိမ်းချမ်းရေးတည်ဆောက်သော လုပ်ငန်းစဉ်အတွက် အဟန့်အတား အနေနှင့်လည်းကောင်း သတ်မှတ်ရှုံ့ချထားသော ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ (၂၀၀၈) ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ချမှတ်ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်သည်။

ယခုနှစ်၏ ဆောင်ပုဒ်မှာ " လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝတ်မှုများကို တရားမျှတမှုနှင့် ဟန့်တားမှု အားဖြင့် ကာကွယ်ကြပါစို့" ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံပြည်တွင်းစစ် ဖြစ်ပျက်ခဲ့သည့်သမိုင်းတလျောက်နှင့် ယခုမျက်မှောက်အချိန်ထိ တပ်မတော်နှင့် အခြားသောလက်နက်ကိုင်များအကြား ပဋိပက္ခဖြစ်ပွားသော ဒေသများတွင် သက်သေအထောက်အထား မပြနိုင်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများပြင်းပြင်းထန်ထန်ရှိနေပါသေးသည်။ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းများသည် အစဉ်အလာယဉ်ကျေးမှုတစ်ခုအဖြစ် ဖြစ်ပွားနေပြီးများပြားနေဆဲပင်ဖြစ်သည်။ သက်သေတစ်စုံတစ်ရာ၊ အခိုင်အမာမရှိဘဲ အမှုစုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းသည်လည်း ကျေနပ်စရာမကောင်းသည့် အဖြေများသာ ထွက်ပေါ်စေပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဆက်လက်၍ ပဋိပက္ခတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သတ်ပြီး သတင်းအချက်အလက်များကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကောက်ခံပြီး ၂၀၁၆ခုနှစ်ထုတ် အစီရင်ခံစာဖြစ်သည့် "မျက်ကွယ်ပြုခံရသော အခွင့်အရေးနှင့် ရုန်းကန်မှုများ" တွင် ထိုကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့အတူ ထိုအစီရင်ခံစာတွင်ပါရှိသည့် အဓိကရှာဖွေတွေ့ရှိချက်များကိုလည်း Committee on the Elimination of Discrimination against Women (CEDAW) ကော်မတီသို့ ၂၀၁၆ခုနှစ်တွင် တင်ပြခဲ့ပါသည်။ ထိုအစီရင်ခံစာတွင်ပါဝင်သော ကိစ္စရပ်များသည် အဖြစ်အပျက်အားလုံးကို မခြုံငုံမိပါ၊ ခြိမ်းခြောက်ခြင်းများ လူမှုရေးကိစ္စများစသည့် အကြောင်းရင်းအမျိုးမျိုးတို့ကြောင့် ရွာသားများမှ မတင်ပြသည့်ကိစ္စရပ်များလည်း များစွာရှိပါသေးသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများမှ တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ခဲ့ကြသော ဆုံးဖြတ်ချက်အမှတ် ၁၃၂၅(၂၀၀၀)၊၁၈၂၀(၂၀၀၈)၊၁၉၆၀(၂၀၁၀)၊၂၁၀၆(၂၀၁၃)နှင့်၂၁၂၂(၂၀၁၃)တို့ကို မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ လက်နက်ကိုင် တိုက်ပွဲများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရပ်တန့်ရန်အတွက် မြန်မာနိုင်ငံအနေနှင့် ၂၀၁၃ ခုနှစ်တွင် သဘောတူညီခဲ့ပြီး အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) အား လိုက်နာရန် ဝန်ခံလက်မှတ် ရေးထိုးခဲ့သည့် နိုင်ငံများထဲတွင်လည်း ပါဝင်သည်။